# "ကျွန်ုပ်၏ နံနက်ခင်းဆုံးဖြတ်ချက်"
# My Morning Resolve

ကျွန်ုပ်လိုချင်သော ကျွန်ုပ်၏ အစောဆုံးအတွေးသည် "ငါ၌ထာဝရဘုရားပြုတော်မူသော ကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း။ ကယ်တင်ခြင်းခွက်ဖလားကို ကိုင်ယူ၍ ထာဝရဘုရား၏ နာမတော်ကို ပဌနာပြုမည်။ (တော်လျော်သောမစခြင်း ဂရုဏာတော်အတွက်) ဘုရားအား သစ္စာဂတိထားသည့်အတိုင်း ထာဝရဘုရား၏ လူများရှေ့၌ သစ္စာဝတ်ကိုဖြေမည်" ဟူ၍ ဖြစ်လိမ့်မည် ဖြစ်ပါသည်။ (ဆာ ၁၁၆း၁၂ -၁၄)

"ယဇ်ပူဇော်ခြင်းအားဖြင့် ငါနှင့် ပဋိညာဉ်ဖွဲ့သော ငါ၏သန့်ရှင်းသူတို့ကို ငါ့ထံသို့ စုဝေးစေကြဟု မိန့်တော်မူ၏" (ဆာ ၅၀း၅) ဟူသော ဘုရားသခင်၏ခေါ်သံကို အောက်မေ့သတိရလျှက် ဘုရားသခင်၏ သန့်ရှင်းသူတစ်ဦးအဖြစ် ကျွန်ုပ်၏ ပဋိညာဉ်များကို ိကနေ့ ပြည့်စုံစေကာ ကျွန်ုပ်၏ ရွေးနှုတ်ရှင်နှင့်အတူ အတူတကွ အမွေဆက်ခံခြင်း၌ ကောင်းကင်ဘုံဆိုင်ရာ အမွေကို ကျွန်ုပ်သည် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သော ဇာတိပကတိနှင့် ၎င်း၏စိတ်ပါဝင်စားခြင်းအား ယဇ်ပူဇော်ခြင်းနှင့် စပ်ဆိုင်သော အလုပ်ကို ဆက်လက်လုပ်ဆောင်မည် ဖြစ်ပါသည်။

လူအပေါင်းတို့အား ရိုးသားပြီး ရိုးဖြောင့်မှုကို ရှာရန် ကျွန်ုပ်သည် ကြိုးစားရယူမည် ဖြစ်ပါသည်။ ကိုယ့်ကိုကိုယ် ကျေနပ်မှုနှင့် ဂုဏ်သရေကို ရှာဖွေမည်မဟုတ်ဘဲ ဘုရားသခင်၏ စိတ်ကျေနပ်မှု နှင့် ဘုန်းအသရေကို ရှာဖွေမည်ဖြစ်ပါသည်။ ကျွန်ုပ်နှုတ်ခမ်းများနှင့် ဘုရားသခင်အား ချီးမြှောက် ရန် ကျွန်ုပ်သည် ဂရုစိုက်မည်ဖြစ်ပြီး သို့မှသာ ကျွန်ုပ်ပြောသော စကားများသည် လူအပေါင်းတို့အား ဆီကဲ့သို့ ဖြစ်လျှက် ကောင်းကြီးမင်္ဂလာဖြစ် စေနိုင်မည်ဖြစ်ပါသည်။

ဘုရားသခင်၊ သမ္မာတရား ၊ ညီအစ်ကိုများနှင့် ကျွန်ုပ်လုပ်ဆောင်ရမည့် သူများနှင့်အတူ အားလုံးတို့အား ကြီးသောအမှုအရာ၌သာမက ဘဝ၏ သေးငယ်သော အမှုအရာများတို့၌ ကျွန်ုပ်သည် သစ္စာရှိရန် ရှာဖွေမည်ဖြစ်ပါသည်။

ကျွန်ုပ်၏ အမြင့်ဆုံးသော အခြေအနေ သာယာမှုအတွက် ကျွန်ုပ်၏ စိတ်ဝင်စားမှုအားလုံးတို့အား ဘုရားသခင်၏ ဂရုမူခြင်းနှင့် ကြည့်ရှုစောင့်ရှောက်တော်မူသော စီရင်ပြုပြင်ခြင်းကို ကျွန်ုပ်ကိုယ်တိုင်ခိုလှုံကိုးစားလျက် နှလုံးသားထဲ၌ စင်ကြယ်မှုရှိစေရုံသာမက စိုးရိမ်ကြောင့်ကျမှုများအားလုံး၊ မကျေနပ်မှုများအားလုံးနှင့် စိတ်ပျက်ခြင်းများအားလုံးတို့ကို ဖယ်ရှားရန် ရှာဖွေမည်ဖြစ်ပါသည်။

ဘုရားသခင်၏ ကြည့်ရှုစောင့်ရှောက်တော်မူခြင်းမှ ခွင့်ပြုနိုင်သောအရာ၌ ကျွန်ုပ်သည် ညီးထွားမည်မဟုတ်ပါ။ မကျေနပ်ဖြစ်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မည်သည့်အရာမဆို လာပါစေ ယုံကြည်ခြင်းသည် သူ့အား ခိုင်မြဲစွာ ခိုလှုံကိုးစားနိုင်ပါသည်။